# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ ဥပဒေကြမ်းကော်မတီအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများနှင့်အတူ လွှတ်တော်ရေးရာဆောင် (I-2) ရှိ ဥပဒေကြမ်းကော်မတီဝင်များအား သွားရောက်တွေ့ဆုံခဲ့သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုခြင်း၊ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်တွင် အမြဲတမ်းကော်မတီ (၄) ရပ်ရှိသည့်အနက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရာတွင် ဥပဒေကြမ်း ကော်မတီသည် အဓိကကျပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒရှင် ပြည်သူများက မဲပေးရွေးချယ် တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ပေါင်းစည်းထားသည့်နေရာ ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းကော်မတီအနေနှင့် ဥပဒေကြမ်းများရေးဆွဲခြင်းသာမက တည်ဆဲဥပဒေများ ကို လက်ရှိခေတ်ကာလ အခြေအနေနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေများတွင် မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများအပြင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ (၁၀၀) ကျော်ရှိပြီး ၎င်းဥပဒေများအနက်မှ လက်ရှိအခြေအနေနှင့် မကိုက်ညီတော့သည့် ဥပဒေများပယ်ဖျက်နိုင်ရေး သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးသား လွှတ်တော်တွင် စတင်ဆွေးနွေးနေသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းသည် မိမိတို့ပြည်သူ့လွှတ်တော်သို့ ရောက်ရှိလာပြီဖြစ်ရာ ဥပဒေကြမ်းကော်မတီမှ ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ စိစစ်ပြီး အစီရင်ခံစာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ၎င်းအပြင် ယနေ့ခေတ် စနစ်နှင့်ကိုက်ညီသည့် ဒီဂျစ်တယ် စီးပွားရေးနှင့် နည်းပညာဆိုင်ရာဥပဒေ၊ AI ဉာဏ်ရည်တုနှင့် ဆိုင်သည့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ဥပဒေများ၊ ကိုယ်ရေးအချက်အလက်ကာကွယ်ပေးရေးဥပဒေ Data Privacy Law များ၊ သဘာဝပတ်ဝန်းကျင်နှင့်လေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေများအား ပြဋ္ဌာန်းနိုင်ရေး သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးနှင့်လူငယ်များ

ဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း စာသင်ကျောင်းများတွင် ကျောင်းအခြေပြု အားကစားဆိုင်ရာဥပဒေနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဥပဒေများပြဋ္ဌာန်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိ တည်ဆဲဥပဒေများအနက် မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိန်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများတွင် ပြစ်မှု၊ ပြစ်ဒဏ်ပိုင်းဆိုင်ရာများ ပြင်ဆင် ဖြည့်စွက်ခြင်းများလည်းရှိမည်ဖြစ်ကြောင်း၊ ပြည်သူများဥပဒေ၏ အကာအကွယ်အောက်တွင် လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ဥပဒေကောင်းများ ပေါ်ထွက်လာစေရန် အဓိကကျပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုသည့် FDI Law နှင့် နိုင်ငံသားများ၏ ကျန်းမာရေးကို အကာအကွယ်ပေးမည့် FDA Law များကိုလိုအပ်ပါက ပိုမိုပြည့်စုံစေရေး အလေးထားဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း က ဥပဒေကြမ်းများစိစစ် သုံးသပ်ရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များမှ တစ်ဦးချင်းမိတ်ဆက်စကားများပြောကြားကာ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီရုံးခန်းနှင့် အစည်းအဝေးခန်းမအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။